# AYA VISA SAI SAI CARD (PREPAID)
## Frequently Asked Questions

### GENERAL

**၁။ AYA VISA SAI SAI Card ဆိုသည်မှာ အဘယ်နည်း။ ထိုကဒ်ကို မည်သို့ အသုံးပြုနိုင်သနည်း။**

AYA VISA SAI SAI card ဆိုသည်မှာ ပြည်တွင်း၊ ပြည်ပရှိနိုင်ငံများတွင် အသုံးပြုနိုင်သော ကြိုတင်ငွေဖြည့်သုံးရသော prepaid card ကဒ်အမျိုးအစားဖြစ်ပါသည်။အခြားထူးခြားချက်များမှာ AYA Visa SAI SAI Card ကို အသုံးပြု ၍ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ပျော်ရွှင်စရာ အပန်းဖြေ နေရာများနှင့် ဝန်ဆောင်မှုများအပေါ် အထူးလျှော့ဈေး (Discounts) များနှင့် အထူးအခွင့်အရေးများ (Deals) ရရှိနိုင်မည့်အပြင် နာမည်ကြီးဆိုင်များမှ Gift Voucher များစွာ ရရှိမည်ဖြစ်သည်။

**၂။ AYA VISA SAI SAI CARD ကို မည်သူများလျှောက်ထားနိုင်သနည်း။**

AYA VISA SAI SAI CARD ကို အသက် (၁၆) နှစ်အထက် မြန်မာနိုင်ငံသားများ နှင့် အမြဲနေထိုင်ခွင့် ရှိသော နိုင်ငံခြားသားများပါ လျှောက်ထားနိုင်ပါသည်။

**၃။ လျှောက်ထားသူသည် (16 ) နှစ်အောက် ဖြစ်ပါက မည်သို့ လျှောက်ထားနိုင်သနည်း။**

လျှောက်ထားသူသည် (16) နှစ်အောက်ဖြစ်ပါက အုပ်ထိန်းသူ၏ လက်မှတ်နှင့် မှတ်ပုံတင် နံပါတ်ပြ၍ လျှောက်ထားနိုင်ပါသည်။

**၄။ AYA VISA SAI SAI CARD ကို လျှောက်ထားရာတွင် မည်သည့် စာရွက်စာတမ်းများ လိုအပ်သနည်း။**

သင်၏ မှတ်ပုံတင်မူရင်း (သို့) Passport နှင့်တကွ Application Form တွင် ဖြည့်သွင်းကာ AYA VISA SAI SAI CARD ကိုလျှောက်ထားနိုင်ပါသည်။

**၅။ AYA VISA SAI SAI Card ကို မည်သည့် ငွေကြေးအမျိုးအစားများဖြင့် အသုံးပြုနိုင်သနည်း။**

AYA VISA SAI SAI Card ကို (MMK, USD, Euro, SGD) စသည့် ငွေကြေးအမျိုးအစားများဖြင့် အသုံးပြုနိုင်ပါသည်။

**၆။ AYA VISA SAI SAI CARD ကို မည်သည့် Default Currency အဖြင့် အသုံးပြုထားသနည်း။**

AYA VISA SAI SAI CARD ၏ Default currency မှာ မြန်မာကျပ် (MMK) ဖြစ်ပါသည်။

**၇။ AYA VISA SAI SAI Card ကို အသုံးပြုခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိသနည်း။**

- Easy and Simple – AYA VISA SAI SAI Card ကို အချိန်တိုင်း ၊နေရာတိုင်းတွင် အဆင်ပြေရိုးရှင်းစွာ အသုံးပြုနိုင်ပြီး လွယ်ကူစွာ ငွေဖြည့်နိုင်ပါသည်။
- Exclusive Privileges - ကမ္ဘာ့တစ်ဝှမ်း ခရီးသွားလာခြင်းနှင့် ဈေးဝယ်ခြင်းများအတွက် Visa လက်ခံသောနေရာများတွင် အထူးလျှော့ဈေးများဖြင့်သက်သာစွာ ဝယ်ယူရရှိနိုင်ပါမည်။ထို့အပြင် Sai Sai ၏ Exclusive Benefit များရရှိနိုင်ပါသည်။

- Unmatched flexibility -AYA Visa SAI SAI Card သည် Multi-Currency Card အမျိုးအစားဖြစ်ပြီး USD,SGD,Euro,MMK စသော နိုင်ငံတကာသုံး ငွေကြေးများကိုကြိုတင် ငွေဖြည့်သွင်း အသုံးပြုနိုင်ပါသည်။
- Convenience – သင်၏ AYA Visa SAI SAI Card ဖြင့် ကမ္ဘာတစ်ဝှမ်းရှိ Visa လက်ခံသော (ATM) များတွင် ၂၄ နာရီ/ပိတ်ရက် မရှိ အချိန်မရွေး သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးကို ထုတ်ယူနိုင်ခြင်း (သို့) ငွေလက်ကျန်ကိုစစ်ဆေးနိုင်ပါသည်။မြန်မာနိုင်ငံရှိ ATM များတွင် မြန်မာကျပ်ငွေ တစ်မျိုးတည်းသာ စစ်ဆေးနိုင်ပါသည်။

**၈။ payWave ဆိုသည်မှာ အဘယ်နည်း။**

Visa payWave (Tap & Go) ဆို သည် မှာ Card ကို POS စက်များတွင် ထည့်သွင်းအသုံးပြု၍ PIN ရိုက်နှိပ်ရန် မလိုဘဲ Contactless Sign ရှိသော နေရာတွင် Card ကို ထိရုံမျှဖြင့် လွယ်ကူလျှင်မြန်စွာ ငွေပေးချေနိုင်သော အချိန်ကုန်သက်သာသည့် နောက်ဆုံးပေါ်နည်းပညာ တစ်ခုဖြစ်ပါသည်။

**၉။ မိမိ၏ AYA VISA SAI SAI Card တွင် ငွေလက်ကျန် မည်မျှရှိသည်ကို မည်သို့ သိရှိနိုင်မည်နည်း။**

နီးစပ်ရာ ATM တွင် သင်၏ ငွေလက်ကျန်စာရင်း Default Currency (MMK) ကိုသာ စစ်ဆေးနိုင်ပါသည်။ အခြား Currency (USD, SGD, Euro) များကို support.card@ayabank.com သို့ မိမိမိ၏နာမည်၊ မှတ်ပုံတင်နံပါတ်၊ ကဒ်နံပါတ် နှင့်တကွ Email ပို့၍ ငွေလက်ကျန်စာရင်း ကိုတောင်းခံနိုင်ပါသည်။

**၁၀။ မိမိ၏ AYA VISA SAI SAI Card ငွေစာရင်းကို မည်သို့ တောင်းခံနိုင်သနည်း။**

သင်၏ ငွေစာရင်းကို နီးစပ်ရာ ရောဝတီဘဏ်ခွဲ (သို့မဟုတ်) support.card@ayabank.com သို့ မိမိ၏ နာမည်၊ မှတ်ပုံတင်နံပါတ်၊ ကဒ်နံပါတ်နှင့်တကွ Email ပို့၍ ငွေစာရင်းကို တောင်းခံနိုင်ပါသည်။

## Card Application and Activation

**၁။ AYA VISA SAI SAI CARD ကို မည်သို့ လျှောက်ထားနိုင်သနည်း။**

AYA VISA SAI SAI Card ကို နီးစပ်ရာ ရောဝတီဘဏ်ခွဲများတွင် မှတ်ပုံတင်နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**၂။ ကဒ်ကိုင်ဆောင်ထားသူသည် မိမိ၏ ကဒ်ပေါ်တွင် လက်မှတ်ထိုးရန်လိုအပ်ပါသလား။**

ကဒ်၏ စည်းကမ်းသတ်မှတ်ချက်များကို သဘောတူပါက ကဒ်ပေါ်တွင် လက်မှတ်ထိုး ၍ အသုံးပြုနိုင်ပါသည်။

**၃။ AYA VISA SAI SAI CARD ကို တစ်ဦးလျှင် မည်မျှလျှောက်ထားနိုင်သနည်း။**

AYA VISA SAI SAI CARD ကို တစ်ဦးလျှင် (၅) ကဒ် အထိလျှောက်ထားနိုင်ပါသည်။

**၄။ AYA VISA SAI SAI CARD ကို မည်သို့ Activate လုပ်ရမည်နည်း။**

AYA AYA VISA SAI SAI Card ကို နီးစပ်ရာ ဧရာဝတီဘဏ်ခွဲတိုင်းတွင် Activate ပြုလုပ်နိုင် သကဲ့သို့ AYA Bank မှ ပေးအပ်သော PIN နှင့် Visa Card ပူးတွဲပါ စာအိတ်ရှိ QR ကို Scan ဖတ်၍ AYA Bank Website တွင်လည်း ကိုယ်ရေးအချက်အလက်များကို ဖြည့်စွက်၍ ကိုယ်တိုင် Activate ပြုလုပ်နိုင်ပါသည်။

**၅။ PIN ဆိုသည်မှာ အဘယ်နည်း။**

PIN ဆိုသည်မှာ ATM ၊ POS နှင့် Online Transaction များပြုလုပ်ရန်အတွက် လုံခြုံရေးဆိုင်ရာ လျှို့ဝှက်နံပါတ်ဖြစ်ပါသည်။

**၆။ PIN နံပါတ်ကို မည်သို့ ပြောင်းရမည်နည်း။**

၀၁- ၂၃၁ ၇၇၇၇ သို့ ဖုန်းဆက်ပြီး (သို့) နီးစပ်ရာဧရာဝတီဘဏ်ခွဲတွင် Activate လုပ်ပြီးလျှင် AYA Bank ၏ ATM စက်များတွင် PIN နံပါတ်ပြောင်းနိုင်ပါသည်။

**၇။ AYA VISA SAI SAI CARD ၏ PIN နံပါတ် မမှတ်မိတော့လျှင် PIN နံပါတ်အသစ် မည်ကဲ့သို့ ရရှိနိုင်မည်နည်း။**

နီးစပ်ရာ ဧရာဝတီဘဏ်ခွဲများတွင် မှတ်ပုံတင်နှင့်တကွ AYA VISA SAI SAI CARD ကို ယူဆောင်ပြီး PIN Reissue Fee ပေးသွင်း၍ PIN နံပါတ်အသစ်ကို ရယူနိုင်ပါသည်။

## Card Usage
## ကဒ်အသုံးပြုခြင်း

**၁။ AYA VISA SAI SAI Card ကို မည်သည့်နေရာများတွင် အသုံးပြုနိုင်သနည်း။**

AYA AYA VISA SAI SAI Card ကို ပြည်တွင်းပြည်ပရှိ ဈေးဆိုင်များတွင်  ကဒ်ဖြင့်ငွေပေးချေခြင်း၊ ATM မှတဆင့်ငွေထုတ်ယူခြင်း online တွင်ဈေးဝယ်ခြင်း၊ ငွေပေးချေခြင်းစသည်တို့တွင် အသုံးပြုနိုင်ပါသည်။

**၂။ ပြည်ပသို့ရောက်ရှိနေချိန်တွင် ATM တည်နေရာကို မည်သို့ ရှာဖွေတွေ့ရှိနိုင်မည်နည်း။**

VISA Website www.visa.com တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

**၃။ ပြည်ပနိုင်ငံများသို့ ခရီးသွားသောအခါ exchange rate ကို မည်သို့ တွက်ချက်မည်နည်း။**

Exchange rate များကို Visa ဘက်မှ ဆုံးဖြတ်ပေးပါသည်။ ငွေကြေးမတူညီသော နိုင်ငံများတွင် အသုံးပြုသည့်အတွက် Cross Currency Mark-up Fees 3% တို့ကျသင့်မှာဖြစ်ပါသည်။

**၄။ ကဒ်ဖြင့် ငွေချေပြီးသားပစ္စည်းတစ်ခုကို ပြန်လည်အပ်နှင်းသောအခါ မည်သို့ဖြစ်မည်နည်း။**

Merchant တိုင်းတွင် return policies ရှိပါသည်။ Visa transaction နှင့် ပက်သက်၍ ကဒ်နှင့်ဝယ်ယူထားပြီးသော ပစ္စည်းကို ပြန်လည်အပ်နှင်းပါက မိမိ၏ prepaid card ထဲသို့ ငွေပြန်လည်ထည့်ပေးမည်ဖြစ်ပြီး ကဒ်ထဲသို့ငွေရောက်ရှိရန် အနည်းဆုံး(၇)ရက် ကြာမြင့်မည် ဖြစ်သည်။

**၅။ AYA VISA SAI SAI CARD ကို သက်တမ်း မည်မျှအထိ အသုံးပြုနိုင်သနည်း။**

သင်၏ ကဒ်သက်တမ်းမှာ ထုတ်ပေးသည့်ရက်မှစ၍ (၅)နှစ်အထိ ဖြစ်ပြီး ကဒ်သက်တမ်းကုန်ဆုံးရက်ကိုကဒ်ပေါ်တွင် ဖော်ပြထားပါသည်။

**၆။ AYA VISA SAI SAI CARD သက်တမ်းကုန်ဆုံး ပါက မည်သို့ အသစ်ပြန်လည် လျှောက်ထားရမည်နည်း။**

AYA VISA SAI SAI CARD ကို နီးစပ်ရာ ဘဏ်ခွဲတိုင်းတွင် ကဒ်အသစ်ပြန်လည် လျှောက်ထားနိုင်ပါသည်။

## Fees and Charges

**၁။ AYA VISA SAI SAI CARD ၏ ကဒ်တန်ဖိုးမှာ မည်မျှနည်း။**

AYA VISA SAI SAI CARD ကို ၁၅,၀၀၀ ကျပ် ဖြင့် လျှောက်ထားနိုင်ပါသည်။ Promotion ကာလအတွင်း ၁၂,၀၀၀ ကျပ်ဖြင့် လျှောက်ထားနိုင်ပါသည်။

**၂။ မိမိ၏ကဒ်ထဲတွင် အများဆုံးငွေပမာဏ မည်မျှထားရှိနိုင်သနည်း။**

သင်၏ ကဒ်ထဲတွင် အများဆုံး ငွေပမာဏ (၁၅,၀၀၀,၀၀၀)ကျပ်၊ 10,000 USD၊ 13,000 SGD၊ 8000 EURO ထားရှိနိုင်ပါသည်။

**၃။ မိမိ၏ကဒ်ထဲတွင် အနည်းဆုံးငွေပမာဏ မည်မျှရှိသင့်သနည်း။**

သင်၏ ကဒ်ထဲတွင် အနည်းဆုံး ငွေပမာဏ (၁,၀၀၀ )ကျပ်၊ 1 USD၊ 1 SGD၊ 1 EURO ထည့်သွင်းထားရပါမည်။

**၄။ မိမိ၏ကဒ်ထဲသို့ တစ်ကြိမ်လျှင် အနည်းဆုံး ငွေပမာဏမည်မျှ ဖြည့်သွင်းနိုင်သနည်း။**

သင်၏ ကဒ်ထဲတွင် တစ်ကြိမ်လျှင် အနည်းဆုံး ငွေပမာဏ (၁၀,၀၀၀) ကျပ်၊ 10 USD၊ 10 SGD၊ 10 EURO ဖြည့်သွင်းနိုင်ပါသည်။

**၅။ AYA VISA SAI SAI CARD တွင် အတိုးနှုန်းရရှိနိုင်ပါသလား။**

AYA VISA SAI SAI CARD တွင် အတိုးနှုန်းခံစားခွင့် မရရှိနိုင်ပါ။

**၆။ AYA VISA SAI SAI CARD ကို ငွေပြန်လည် ဖြည့်သွင်းနိုင်ပါသလား။**

နီးစပ်ရာ ရေဝတီဘဏ်ခွဲများတွင် ငွေပြန်လည်ဖြည့်သွင်းနိုင်ပါသည်။

**၇။ AYA VISA SAI SAI CARD ကို ငွေပြန်လည်ဖြည့်သွင်းခြင်းများအတွက် အခကြေးငွေ ကောက်ခံပါသလား။**

AYA VISA SAI SAI CARD ကို MMK ဖြင့်ငွေဖြည့်ပါက (၂၀၀၀) ကျပ် (သို့) အခြား currency ဖြင့် ငွေဖြည့်ပါက ၁.၅ % ကျသင့်မည် ဖြစ်ပါသည်။

**၈။ AYA VISA SAI SAI CARD ဖြင့် ပြည်တွင်း၊ ပြည်ပရှိ POS စက်များတွင် အသုံးပြုပါက အခကြေးငွေများ ကောကောက်ခံပါသလား။**

ငွေကြေးမတူညီသော နိုင်ငံများတွင် အသုံးပြုသည့်အတွက် Cross Currency Mark-up (Forex) Fees 3% နှင့် Oversea Bank Charges ကောက်ခံမှာဖြစ်ပါသည်။

**၉။ ပြည်ပ ATM စက်များတွင် ငွေထုတ်ယူခြင်းအတွက် အခကြေးငွေ ကောက်ခံပါသလား။**

ပြည်ပ ATM စက်များတွင် ငွေထုတ်ယူပါက ဝန်ဆောင်ခငွေ ၆,၅၀၀ ကျပ် နှင့် ပြည်ပဘဏ်၏ ATM Charges အဖြင့် ထပ်ဆောင်းပေးဆောင်ရမည်ဖြစ်ပါသည်။

## Card Loss & Termination
## ကဒ်ပျောက်ဆုံးခြင်းနှင့် ဖျက်သိမ်းခြင်း

**၁။ AYA VISA SAI SAI CARD ကဒ်ပျောက်ဆုံးခြင်း (သို့မဟုတ်) အခိုးခံရပါက မည်သို့ပြုလုပ်ရမည်နည်း။**

AYA VISA SAI SAI CARD ပျောက်ဆုံးခြင်း (သို့မဟုတ်) အခိုးခံရခြင်းဖြစ်ပွားပါက ၀၁-၂၃၁ ၇၇၇၇ သို့ ချက်ချင်းခေါ်ယူ အကြောင်းကြားနိုင်ပါသည်။ (သို့မဟုတ်) နီးစပ်ရာ ရေဝတီဘဏ်ခွဲများသို့ ချက်ချင်းသွားရောက် အကြောင်းကြားနိုင်ပါသည်။

**၂။ ကဒ်ပိုင်ဆိုင်သူမှ မသိရှိလိုက်သော သုံးစွဲမှုများ (transactions) များအတွက် တာဝန်ရှိပါသလား။**

AYA VISA SAI SAI CARD သုံးစွဲသူသည် အသုံးပြုထားသော ငွေပေးချေမှု အားလုံးအတွက် တာဝန်ရှိပါသည်။ ထို့ကြောင့် Card ပျောက်ဆုံးခြင်း (သို့) အခိုးခံရခြင်းရှိပါက ရေဝတီဘဏ်သို့ အကြောင်းမကြားမီ ငွေပေးချေမှုများနှင့် ကဒ်သုံးစွဲမှုများကို ကဒ်ပိုင်ရှင်ကသာလျှင် တာဝန်ယူရမည်ဖြစ်သည်။ ရေဝတီဘဏ်သို့ အကြောင်းကြား ပြီးသည့် အချိန်မှစပြီးနောက်ပိုင်း ငွေပေးချေမှု (Transactions) များကိုသာ ဘဏ်မှ ဖြေရှင်းပေးမည်ဖြစ်ပါသည်။

**၃။ AYA VISA SAI SAI CARD သုံးစွဲမှု ရပ်ဆိုင်းလိုပါက မည်ကဲ့ သို့ ဆောင်ရွက်မည်နည်း။**

မိမိ၏ Card ကို နှစ်ပိုင်းဖြတ်ပြီး နီးစပ်ရာ ရေဝတီဘဏ်ခွဲသို့ မှတ်ပုံတင် နှင့်တကွ လူကိုယ်တိုင် သွားရောက်၍ Card ကို ပိတ်နိုင်ပါသည်။